

မြေပြင်ပေါ်မှ ကျွန်ုပ်နှင့် ခပ်သမျှသောသူအားလုံးအား
ကောင်းကင်ဘုံဖော်အကူအညီဖြင့် ကူညီနိုင်ပါစေသတည်း
ZEN YAW NI
WIZARD EYE
TAROT
2013
Design by Iynn Mann Aung
ဝိဇ္ဇာမျက်လုံး
တဲရော့ဟောကိန်းများ
၁၃
စနေသားသမီးများ

ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ-၅၀၀၊ တန်ဖိုး-၆၀၀
မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း-အပ်တီအပ်
ထုတ်ဝေသူ-ဒေါ်ခင်မာချို
ပန်းဝေဝေစာပေ
အမှတ် ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ-ဦးညွန့်ဝေ(မြ)၀၅၄၂၅၊ ပြုံးပန်းတစ်ရာအော့ဖ်ဆက်
၁၂/ဒီ အောင်မေတ္တာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး-ပြုံးပန်းတစ်ရာစာပေ
အမှတ် ၁၅၆၊ ၃၇ လမ်း(လယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၄၅၃၆၀၊ ၂၅၂၅၃၈

ဇင်ယော်နီ ၁၃၃.၃၂၄
ဗိဇ္ဇာမျက်လုံး တဲရော့ဟောကိန်းများ (၂၀၁၃) (စနေ)
ဇင်ယော်နီ။ - ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၃။
၆၄ - စာ၊ ၁၂၀ × ၉၀ စင်တီမီတာ
(၁) ဗိဇ္ဇာမျက်လုံး တဲရော့ဟောကိန်းများ(၂၀၁၃) စနေ





၂၀၁၃ ခုနှစ်အတွက်

# ဗိဇ္ဇာမျက်လုံး
## တဲရော့ဟောကိန်းများ

### စနေသားသမီး

ဖြစ်သော သင်သည်

ခရစ်တော်ကို အကြောင်းပြု၍
ရေးထိုးသော ခုနှစ် ၂၀၁၃ ခု ဇန်နဝါရီလ ၁ ရက်မှ
၂၀၁၃ ခု ဒီဇင်ဘာလ ၃၁ ရက်အတွင်း၌



### လက္ခဏာကပြောပြသော အဝဓာတ်လမ်း

တစ်နေ့သ၌လှိုင်မြို့နယ်အေးရိပ်မွန်(၁)လမ်းရှိ ကျွန်ုပ်၏ဗေဒင်ဟောခန်းရှိရာသို့ အသက်(၄၀)နီးပါးဟု ခန့်မှန်းရသော အမျိုးသမီးတစ်ယောက် ရောက်ရှိလာခဲ့လေ၏။ ထိုအမျိုးသမီး၏အလှမှာ မဟာဆန်သည်ဟု ဆိုနိုင်ပေ၏။







ထိုအချိန်၌ ကျွန်ုပ်သည် ရာဇယောဂခေါ် ကျင့်စဉ်ကျမ်းစာအုပ်ကြီးတစ်အုပ်ကို အသည်းအသန်ဖတ်၍ အရေးကြီးသောအချက်များကို တကုပ်ကုပ်နှင့် မှတ်စုထုတ်နေသောအချိန်ဖြစ်လေ၏။ ထိုအမျိုးသမီးက –

''ကျွန်မက ဆရာနဲ့တွေ့ဖို့အတွက် မိုးကုတ်ကနေ တကူးတက လာခဲ့ရတာပါ ဆရာ . . .၊ အလုပ်များတဲ့ဆရာ့အတွက် အနှောင့်အယှက်ဖြစ်သွားမယ်ဆိုရင်လည်း ခွင့်လွှတ်ပါလို့ ကြိုတင်ပြီး တောင်းပန်ပါတယ်။ အဝေးကြီးကနေ တကူးတက လာရတဲ့ ကျွန်မရဲ့ မျက်နှာကို ထောက်ထားသောအားဖြင့် လက္ခဏာလေးနည်းနည်းတော့ ကြည့်ပေးပါလို့ ပူဆာပါရစေ ဆရာရယ် ....''ဟု ကျွန်ုပ်က ဘာမျှမပြောမိမှာပင် ကျွန်ုပ်ဘက်မှ ထွက်လာမည့်စကားများအားလုံးကို ပိတ်၍ ပြောလေတော့၏။ သူမကိုယ်သူမလည်း နှင်းဆီခင်ဖြစ်ကြောင်း မိတ်ဆက်လေ၏။

သို့ဖြစ်ရာ ကျွန်ုပ်လည်း မည်သို့မျှ မငြင်းဆန်

သာတော့ဘဲ လုပ်လက်စအလုပ်များကို ခေတ္တရပ်ကာ သူမ၏လက်ဝါးပြင်ကို စစ်ဆေးကြည့်ရှုရလေတော့၏။ ကျွန်ုပ်သည် သူ၏အသက်လမ်းကြောင်းအဆုံးတွင် လမ်းကြောင်းနှစ်ကြောင်းခွနေပြီး ထိုခွကြားတွင် ကြိုဂံသင်္ကေတလေးတစ်ခုကို ထင်ရှားစွာတွေ့ရလေ၏။ ထို့ကြောင့် –

''မနှင်းဆီခင်ရေ .... ခင်ဗျားဟာ ဒီတစ်သက်စားမကုန်နိုင်လောက်အောင် မိဘအမွေတစ်ခုကို ရခဲ့တဲ့သူပဲဗျ .....''ဟု ပြောလိုက်လျှင် ၎င်း မနှင်းဆီခင်က ကျွန်ုပ်၏စကားကို ခပ်တွေတွေကလေးပြုပြီးမှ 'ဟုတ်ပါတယ်ဆရာ ....'ဟု ခပ်လေးလေးကလေး ပြန်၍ ဖြေလေ၏။

ကျွန်ုပ်သည် နှင်းဆီခင်၏လက်ဝါးကို ဆက်လက်စစ်ဆေးကြည့်သောအခါ ထီးရိုးဟုခေါ်ကြသော ကံကြမ္မာလမ်းကြောင်းကို ထင်ရှားအားကောင်းစွာဖြင့် တွေ့ရလေ၏။ များသောအားဖြင့် လက်ဖဝါး၏အောက်ခြေအလယ်မှ လက်ခလယ်ဘက်ဆီသို့ တည့်တည့်တက်လာ







သော လမ်းကြောင်းကို ထီးရိုးခေါ် ကံကြမ္မာလမ်းကြောင်းဟုခေါ်ပြီး ထိုလမ်းကြောင်းထင်ရှားစွာပါရှိသူများသည် ဆင်းရဲခြင်း ချမ်းသာခြင်းကို အသာထား၍ ဘဝ၌ ငြိမ်းချမ်းအေးလူစွာ နေထိုင်ရတတ်လေ၏။ ထို့ကြောင့် ကျွန်ုပ်က–

''မနှင်းဆီခင်ရေ .... ခင်ဗျားရဲ့လက်ဝါးပေါ်က ကံကြမ္မာလမ်းကြောင်းဟာ ခင်ဗျားအနေနဲ့ ရှေ့လင်ပန်းနဲ့အချင်းဆေးပြီးခြေမွေးမီးမလောင်၊လက်မွေးမီးမလောင်ဆိုသလို ငြိမ်းငြိမ်းချမ်းချမ်း နေခဲ့ရလိမ့်မယ်လို့ ပြောနေတယ်ဗျို့ အဲဒါ ဟုတ်ရဲ့လား ....''ဟု မေးလိုက်လျှင် ၎င်းနှင်းဆီခင်က ခပ်တွေတွေစဉ်းစားပြီးသည့်နောက် –

''အမှန်ပါပဲ ဆရာ ....''ဟု ခပ်လေးလေးပင် ပြန်၍ ဖြေလေ၏။ ကျွန်ုပ်သည် နှင်းဆီခင်၏ ထီးရိုးခေါ် ကံလမ်းကြောင်းမှာ နှလုံးလမ်းကြောင်းအောက်၌ တိခနဲ ပြတ်သွားသည်ကို တွေ့ရလေ၏။ ထို့ကြောင့် –

''ပြောရဦးမယ် မနှင်းဆီခင်ရေ .... စောစောက ပြောခဲ့သမျှ အမွေရတာတွေ၊ ဘဝမှာ ငြိမ်းချမ်းတာတွေ၊

ကံကောင်းထောက်မခြင်းတွေအားလုံးဟာ မေတ္တာရေးရာကိုအကြောင်းပြုပြီး ကုန်ဆုံးသွားခဲ့ရတယ်လို့ အဖြေထွက်နေတယ် ....''ဟု ဟောလိုက်ပြန်ရာ ထိုအခါတွင်မှ နှင်းဆီခင်သည် ကျွန်ုပ်၏အဟောကို ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါတော့ဘဲ တရှုပ်ရှုပ်ဖြင့် ကိုယ်လုံးကလေး တသိမ့်သိမ့်တုန်သည်အထိ ငိုပါလေတော့၏။ သူ၏အိတ်အတွင်းမှ လက်ကိုင်ပုဝါလေးကိုထုတ်ကာ မျက်ရည်စများကိုသုတ်ရင်း –

''ဆက်ပြောပါဦး ဆရာရယ် ....''ဟု ငိုသံနှော၍ ပြောလေ၏။ ကျွန်ုပ်သည် နှင်းဆီခင်၏ အိမ်ထောင်ရေးလမ်းကြောင်းကို စစ်ဆေးကြည့်သောအခါ အိမ်ထောင်ရေးလမ်းကြောင်းသည် တိတိကျကျကြီးပင် ပြတ်တောက်သည်ကို တွေ့ရလေ၏။ ထို့အပြင် အိမ်ထောင်ရေးလမ်းကြောင်းသည် လွန်စွာရှည်လျားပြီး တဖြည်းဖြည်းအောက်သို့စိုက်ဆင်းသွားကာအိမ်ထောင်ရေးလမ်းကြောင်း၏အတွင်းဘက်ဆီသို့သွား၍ အဆုံးသတ်နေသည်ကို တွေ့





ဝိဇ္ဇာမျက်လုံးတဲ့ရှေ့ဟောကိန်းများ

(က) အမွေရှာတတ်သော ထီဆုကြီးပေါက်တတ်သော အမှတ်အသား

(ခ) မိမိကိုယ်ကို သတ်သေတတ်သော ဉာဏ်လမ်းကြောင်း

(ဂ)အိမ်ထောင် ကွဲတတ်သော အမှတ်အသား



(က) ကျေးတောသူပင်လျှင် ဘုရင်ကတော်ဖြစ်စေသော အမှတ်အသား

(ခ) ရုံးတော်တွင် ထင်မယားကွာရှင်း ရသော အမှတ်အသား

(ဂ) ဘာသာသာသနာ လောကီပညာ၌ ထူးချွန်သော အမှတ်အသား








ဝိဇ္ဇာမျက်လုံးတဲရေ့ဟောကိန်းများ

ရလေ၏။ ထိုအမှတ်အသားသည် လက္ခဏာရှင်အနေနှင့် အိမ်ထောင်ရေး၌ အဆင်မပြေကြီးစွာဖြစ်ကာ တရားရုံးတွင် ဟိုးလေးတကျော် ကွာရှင်းရတတ်သော အမှတ်အသားဖြစ်လေတော့၏။

ထို့အပြင် ၎င်းအိမ်ထောင်ရေးလမ်းကြောင်းသည် လက်ဝါး၏အောက်ခြေဆီမှ လက်သူကြွယ်ဘက်ဆီသို့ တက်လာသော အောင်မြင်ရေးလမ်းကြောင်းနှင့်သွား၍ တစ်နေရာတွင် ထိနေသည်ကိုလည်း တွေ့ရလေ၏။ ထိုအမှတ်အသားမှာမူ ကျေးတောသူပင်လျှင် ဘုရင်ကတော်ဖြစ်စေသည်ဆိုသော ကတော်အမှတ်အသားဖြစ်လေတော့၏။ ထိုအမှတ်အသားများကို ဆက်စပ်၍ ကျွန်ုပ်က –

"မနှင်းဆီခင်ရေ.... ခင်ဗျားဟာ ဂုဏ်သရေရှိတဲ့ ဒါမှမဟုတ် ရာထူးရာခံကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျခဲ့ရလိမ့်မယ်။ ကံလမ်းကြောင်းဟာ မေတ္တာလမ်းကြောင်းရဲ့အောက်မှာ သွားပြီးအဆုံးသတ်နေတဲ့အတွက် ခင်ဗျားဟာ မိဘတွေနဲ့ အတိုက်အခံ

ဆန့်ကျင်ဘက်လုပ်ပြီး အဲဒီအိမ်ထောင်ဘက်ကို ရွေးချယ်ခဲ့တာဖြစ်လိမ့်မယ်။ အဲဒီအိမ်ထောင်ကိုအကြောင်းပြုပြီး ခင်ဗျားဟာ အမွေပြတ် ကြေညာခံရသူတစ်ဦးဖြစ်သွားခဲ့မယ်။ ဘုံခုနစ်ထပ်ပေါ်ကနေ မြေကြီးပေါ်ကို ဇောက်ထိုး ပြုတ်ကျသလိုမျိုး အခြေမဲ့ အနေမဲ့ ဖြစ်သွားခဲ့ရလိမ့်မယ်။

ဒါပေမဲ့ ခင်ဗျားအနေနဲ့ ဘဝတစ်ခုလုံးကို ဖျက်ပြီး အဲဒီအိမ်ထောင်ဘက်ကို ရွေးခဲ့တာဟာ ရွေးရကျိုးနပ်လိမ့်မယ်မဟုတ်ဘူး ....ဘာလို့လဲဆိုတော့ ခင်ဗျားရဲ့အိမ်ထောင်ရေးလမ်းကြောင်းဟာ တိတိကျကျကြီး ပြတ်နေတာကို တွေ့ရတယ်။ အဲဒါဟာ လင်မယားကွဲတတ်တဲ့ အမှတ်အသားပဲ။ အဲဒါအပြင် အိမ်ထောင်ရေးလမ်းကြောင်းဟာအသက်လမ်းကြောင်းအတွင်းဘက်ထိရှည်လျားပြီးမှ သွားပြီးအဆုံးသတ်နေတဲ့အတွက် လင်မယားကွဲတဲ့နေရာမှာလည်း ဒီအတိုင်းကွဲသွားတာမျိုးမဟုတ်ဘဲ တရားတဘောင်တွေ ရင်ဆိုင်ရပြီးမှ ကွဲကြရတာမျိုးဖြစ်လိမ့်မယ်” ဟု ဟောလိုက်သောအခါ နှင်းဆီခင်သည် အသံပင် ထွက်





သည်အထိ ကျူကျူပါအောင် ငိုကြွေးနေပါလေတော့၏။ ထိုသို့ငိုကြွေးရင်း –

“ပြောပါဦး ဆရာရယ်.... ဘာတွေ တွေ့သေးလဲ၊ ဆရာပြောပြနေတာတွေအားလုံးဟာ ကျွန်မဘဝဇာတ်ကြောင်းကို ကက်ဆက်ခွေသွင်းထားပြီး ပြန်နားထောင်နေရသလိုပါပဲ ....”ဟု ပြောလေ၏။ ကျွန်ုပ်သည် ၎င်း၏လက်ဝါးပြင်တွင် နောက်ထပ်ထူးခြားချက်တစ်ခုကို သတိပြုမိပြန်လေ၏။ ထိုထူးခြားချက်မှာ သူ၏ဉာဏလေခါ ဉာဏ်လမ်းကြောင်းသည် အောက်သို့ အလွန်အမင်း ကွေးညွတ်နေကာ လမ်းကြောင်း၏ အဆုံးသည် အသက်လမ်းကြောင်းအတွင်းသို့တိုင် ဖောက်ဝင်သွားသည်ကို တွေ့ရလေ၏။ ထိုအမှတ်အသားသည် စိတ်ဓာတ်အလွန်ကျဆင်းလွယ်ခြင်း၊ မိမိအသက်ကိုပင် မိမိပြန်၍ ရန်ရှာတတ်ခြင်းသဘောကို ပြောပြနေလေ၏။

ဉာဏ်လမ်းကြောင်းသည် ဖြောင့်တန်းနေသလောက် စိတ်ဓာတ်မာကြော၍ လက်တွေ့ဆန်တတ်ပြီး

ကွေးညွတ်သလောက် စိတ်ဓာတ်နူးညံ့ကာ စိတ်ကူးယဉ်တတ်လေ၏။ အလွန်အမင်းကွေးညွတ်လွန်းလျှင်မူ စိတ်ကူးအယဉ်လွန်ကာ ရူးသွပ်သည်အထိ ဖြစ်တတ်လေ၏။ မနှင်းဆီခင်၏ ဉာဏ်လမ်းကြောင်းကဲ့သို့ ကွေးညွတ်သည့်အပြင် အသက်လမ်းကြောင်းကို ပြန်ဖောက်သွားပါက မိမိကိုယ်ပင်မိမိ သတ်သေတတ်သော လက္ခဏာရှင်ဖြစ်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က -

"မနှင်းဆီခင်ရေ .... ခင်ဗျားရဲ့ ဟောဒီဉာဏ်လမ်းကြောင်းဟာ ခင်ဗျားဟာ ကိုယ့်အသက်ကိုယ် ရန်ရှာခဲ့ဖူးသူလို့ ဖော်ပြနေတယ်...."ဟု ပြောလိုက်သောအခါ နှင်းဆီခင်သည် မျက်ရည်များ ရွဲနေသည့် မျက်လုံးအစုံဖြင့် ကျွန်ုပ်အား ငေးငေးကြီးကြည့်လိုက်ပြီးသည့်နောက် လက်ကောက်ဝတ်ဖုံးသည်အထိ ရှည်သော သူ၏ဝဲဘက်အကျီလက်ဖျားစကို အပေါ်သို့ ဆွဲတင်လိုက်လေ၏။ ပြီးနောက် သူ၏လက်ကောက်ဝတ်ကို ကျွန်ုပ်၏ရှေ့နားဆီသို့ တိုးပြလေ၏။ ကျွန်ုပ်သည် ရုတ်တရက် လန့်သွားမိ၏။





သူ၏လက်ကောက်ဝတ်တွင် သူ၏ ချောမောပြေပြစ်အေးလှသော မျက်နှာကလေးနှင့် မလိုက်ဖက်လောက်အောင် အမာရွတ်ကြီးတစ်ခုသည် ထင်ထင်ရှားရှားရှိနေလေတော့၏။ နှင်းဆီခင်သည် ထိုအမာရွတ်ကို ညာလက်ညှိုးဖြင့် ထောက်ပြရင်း -

"အဲဒါ တစ်ခါတုန်းက ကျွန်မလက်ကိုယ် ကျွန်မ သွေးပြန်ကြောကို ဓားနဲ့လှီးပြီး သေကြောင်းကြံခဲ့ဖူးတဲ့ အမှတ်အသားပါပဲ ဆရာရယ်..."ဟု တရှုပ်ရှုပ်ငိုရင်း ပြောရှာပါလေတော့၏။ ထို့နောက် နှင်းဆီခင်ကပင် -

"အဲဒါတွေအားလုံး အမှန်တွေကြီးပါပဲ ဆရာရယ်.... ဆရာတို့ဆီမှာ အဲသလို အစွမ်းထက်တဲ့ ပညာတွေရှိတယ်ဆိုတာကို ယုံကြည်လို့လည်း တကူးတက လာခဲ့တာပါ။ အခု ကျွန်မ သိချင်တာက ကျွန်မ ရည်ရွယ်ထားတာတစ်ခု အောင်မြင်မလားဆိုတာ သိချင်လို့ လာမေးတာပါ ဆရာ ...."ဟု ပြောလေ၏။

ကျွန်ုပ်သည် သူ၏မွေးခုလရက်ကို မေးကြည့်

သောအခါ သူသည် အင်္ဂလိပ်လို ၈ လပိုင်း ၁၇ ရက်တွင် မွေးဖွားခဲ့သော ၈ ဂဏန်းသမားတစ်ဦးဖြစ်သည်ဟု သိရလေ၏။ အသက်ကို တွက်ကြည့်သောအခါတွင်လည်း ၃၅ နှစ်ဖြစ်သောကြောင့် ပေါင်းလိုက်လျှင် ၈ ဂဏန်းရနေလေ၏။ ထို့အပြင် နှင်းဆီခင် ကျွန်ုပ်ထံသို့ ရောက်လာသော ခုလရက်အားလုံးကို ပေါင်းလျှင်လည်း ၈ ဂဏန်းဖြစ်နေသည်ကို တွေ့ရလေ၏။

၈ ဂဏန်းသည် လွန်စွာ လျှို့ဝှက်ဆန်းကြယ်သော၊ လွန်စွာမှလည်း အရှိန်အဝါပြင်းသော ဂဏန်းဖြစ်လေ၏။ ဂမ္ဘီရလည်း လွန်စွာဆန်လေ၏။ ၈ ဂဏန်းသမားရှိသောအိမ်တွင် ရှေးဟောင်းဘုရား၊ ရှေးဟောင်းပစ္စည်းရှိတတ်ကြောင်း၊ ၈ ဂဏန်းသမားများသည် ရှေးဟောင်းလောကီပညာရပ်များနှင့် ဘာသာရေးတွင် စိုက်လိုက်မတ်တပ်အားထုတ်သော် သူမတူအောင် ထူးချွန်ပေါက်မြောက်တတ်ကြောင်း အဘမင်းသိခ် ပြောခဲ့ဖူးလေ၏။ ယခု ထူးဆန်းသော နှင်းဆီခင်တစ်ယောက်သည်







ကျွန်ုပ်ထံသို့ ၈ ဂဏန်းကြီးစိုးသောနေ့တွင်ပင် တိုက်တိုက်ဆိုင်ဆိုင် ရောက်လာနေပြီဖြစ်၏။ ထို့အပြင် သူ၏လက်ခလယ်အောက်ရှိ စနေဂြိုဟ်ခုံတွင်လည်း တြိဂံသင်္ကေတလေးတစ်ခုကို ထင်ထင်ရှားရှားတွေ့နေရလေ၏။ထိုအမှတ်အသားသည် လောကီပညာ၌ဖြစ်စေ၊ တရားဓမ္မအရာ၌ဖြစ်စေ ထူးချွန်ပေါက်မြောက်မည့် အမှတ်အသားဖြစ်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က –

''မနှင်းဆီခင် အနေနဲ့ ခင်ဗျားဘဝ ခင်ဗျားဇာတ်ကြောင်းကို ဘာတစ်ခွန်းမှ မပြောရသေးပေမယ့် ခင်ဗျားရဲ့လက်ဝါးကတော့ ကျုပ်ကို အင်မတန်မှ လွမ်းမောဆွေးမြေ့ကြေကွဲဖွယ် ဇာတ်ထုပ်ကြီးတစ်ထုပ်ကို ပြောပြခဲ့ပြီးပါပြီ။ အခုကြုံနေတဲ့ ကိန်းခန်းတွေအရပါ ကောက်ချက်ရမယ်ဆိုရင်တော့ မနှင်းဆီခင်ဟာ လူ့ဝတ်ကြောင်ဘဝကို စွန့်လွှတ်ပြီး တရားဓမ္မနဲ့ မွေ့လျော်သွားဖို့ စိတ်တုံးတုံးချလိုက်ပြီဆိုတာ တွေ့နေရပါတယ် ....''ဟု ပြောလိုက်ရာ ကျွန်ုပ်ထံ ရောက်ပါပြီဆိုကတည်းက မှိုင်းညို့နေသော

**နှင်းဆီခင်၏** မျက်နှာကလေးသည် တဖြည်းဖြည်း ဝင်းလာလေ၏။ ထို့နောက် ကျွန်ုပ်အား ရိုကျိုးစွာဖြင့် အကျအန ကန်တော့လေ၏။ လက်အုပ်ကလေးချီထားရင်း–

''အမှန်ပါပဲ ဆရာ၊ ဆရာဆီက အခုလို ဟောချက်ကိုကြားရတဲ့အတွက် အလွန်မှလည်း ဝမ်းသာမိပါတယ်၊ ဆရာ့ဆီက ပြန်ရင်ဆိုရင်ကိုပဲ ကျွန်မ သီလရှင်ဘဝကို ပြောင်းတော့မယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ။ အခုဟာ လူ့ဘဝနဲ့ နောက်ဆုံးအကြိမ်အဖြစ် လက္ခဏာလာကြည့်ခြင်းပါပဲ။ ကျွန်မ ဘဝမှာ ရှုံးနိမ့်ပေါင်းတွေ များလှပါပြီ။ ဒီတစ်ခါ အကြံအစည်ရော ရှုံးနိမ့်ဦးမှာလားလို့ မဝံ့မရဲ ဖြစ်နေမိပါတယ်။ အဲဒါကြောင့်လည်း ဆရာ့ဆီကို ရောက်လာခဲ့တာပါပဲ။ ဒီအကြံအစည်မှာ ရှုံးနိမ့်မယ်ဆိုရင်လည်း ကျွန်မအနေနဲ့ နောက်ဆုတ်သွားဖို့တော့ စိတ်ကူးမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် တစ်ခုခုလေး ရေရေရာရာသိချင်လို့ ဆရာ့ဆီကို ရောက်လာခဲ့တာပါ။ ကျေးဇူးအထူးတင်ပါတယ်ဆရာ ....''ဟု ပြောပြောဆိုဆိုပင် နှင်းဆီခင်သည်







သူမ၏လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်တစ်ကွင်းကိုချွတ်၍ –

''ကျွန်မအတွက် ရှေ့မှာ ဒါတွေ လိုမှာမဟုတ်တော့ပါဘူး ....၊ မလိုတော့လို့ ဆရာ့ကို ပေးခြင်းတော့ မဟုတ်ပါဘူး၊ ဆရာ့ရဲ့ပညာကို ပူဇော်တဲ့အနေနဲ့ ကျေးဇူးပြုပြီး လက်ခံထားပေးပါ ဆရာ ....''ဟု ပြောပြီး ပေးလေတော့၏။

ထို့နောက်တွင်ကား အပူသောကအငွေ့အသက်များဖြင့် ကျွန်ုပ်ထံသို့ ဝင်ရောက်လာခဲ့သော နှင်းဆီခင်သည် အေးချမ်းတည်ငြိမ်သောခြေလှမ်းများနှင့်အတူ ကျွန်ုပ်ထံမှပြန်လည်ထွက်ခွာသွားခဲ့ပါလေတော့သတည်း။

**(မှတ်ချက်။ ။ယခုဤစာကိုရေးသောအချိန်တွင် ကျွန်ုပ်ထံသို့ နီပေါလ်နိုင်ငံမှ လူကြုံဖြင့် စာလေးတစ်စောင် ရောက်လာလေ၏။ ထိုစာမှာ ဒေါ်နန္ဒဝတီခေါ် ဆရာလေးတစ်ပါးက ရေးလိုက်သောစာဖြစ်၏။ ဆရာလေးသည် နီပေါလ်နိုင်ငံ၊ လုမ္ဗိနီရှိ ဗုဒ္ဓဘာသာတက္ကသိုလ်**

တစ်ခုတွင် ဗုဒ္ဓစာပေများကို သင်ယူဆည်းပူးလျက်ရှိကြောင်း၊ တစ်ချိန်တွင် ဆရာလေး ဒေါက်တာနန္ဒဝတီအဖြစ် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရန် ကြိုးစားလျက်ရှိကြောင်း၊ ပါရှိလေ၏၊ အဆိုပါ ဆရာလေး နန္ဒဝတီဆိုသည်မှာ အထက်တွင် ကျွန်ုပ်ထံတွင် ရောက်လာခဲ့ဖူးသော မနှင်းဆီစင်ပင် ဖြစ်လိမ့်မည်ဟု စာဖတ်ပရိသတ်များ ရိပ်စားမိကြပါလိမ့်မည်။

ကျွန်ုပ်အနေနှင့် ယခုနှစ် ဝိဇ္ဇာမျက်လုံးဟောစာတန်းစာအုပ်ငယ်ကလေးတွင် မည်သည့်လက်ဆောင်ကို ပါးရပါဟု စဉ်းစားရင်း ဆရာလေး နန္ဒဝတီ၏ စာရောက်လာသောကြောင့် ထိုကိုယ်တွေ့လက္ခဏာဟောကွက်များအကြောင်းကိုပင် ဗဟုသုတအလို့ငှာ လက်ဆောင်ပါးလိုက်ရပေတော့သတည်း။)

သစ္စာဓမ္မာ
ဇင်ယော်နီ







## မိတ်ဆွေတို့အတွက် လက္ခဏာသုတ

- ❖ အိမ်ထောင်ရေးလမ်းကြောင်းသည် အဆုံးတွင် အပေါ်သို့ ကော့နေသော် အပျိုကြီး လူပျိုကြီးဖြစ်တတ်သည်။
- ❖ အိမ်ထောင်ရေးလမ်းကြောင်းသည် အဆုံးတွင် အောက်သို့ စိုက်ဆင်းနေသော် ယယ်ယယ်ရွယ်ရွယ်နှင့် မုဆိုးဖို မုဆိုးမ ဖြစ်တတ်သည်။
- ❖ အိမ်ထောင်ရေးလမ်းကြောင်းတွင် ကြက်ခြေခတ်ပါနေသော် လင်မယား တကျက်ကျက်ဖြစ်နေမည်။
- ❖ အိမ်ထောင်ရေးလမ်းကြောင်းသည် အဆုံးတွင် အခွဖြစ်နေသော် အိမ်ထောင်နှစ်ဆက်ဖြစ်တတ်သည်။
- ❖ အသက်လမ်းကြောင်း၏ ဘေးတွင် အပြိုင်လမ်းကြောင်းတစ်ကြောင်းပါနေပါက အသက်ကယ်လမ်းကြောင်းဟုခေါ်ပြီး ဥပဒ္ဒေအကကံမှ လွတ်စေသည်။ နှစ်ကြောင်းနှင့် အထက်ပါ လျှင်မူ လွှမ်းရောင်ခြည်လမ်းကြောင်းဟု ခေါ်သည်။ ဤတစ်သက် မပေါင်းဖက်ရမည့်သူကို လွမ်းတသသဖြစ်နေရတတ်သော လမ်းကြောင်း ဖြစ်သည်။

### ၂၀၁၂ ခု နိုဝင်ဘာလအတွင်း

ဒီရက်တွေအတွင်းမှာ စိတ်တိုလွယ်၊ ပြဿနာဖြစ်လွယ်မယ်။ စိတ်နဲ့ကိုယ်နဲ့မကပ်ဘဲ ဖြစ်နေမယ်။ အိမ်မကပ်ချင်ဘဲ ဖြစ်နေမယ်။ လုပ်သမျှ ပြောသမျှ အဆင်မပြေဖြစ်နေတတ်ပါတယ်။မနာလိုသူ နှောင့်ယှက်သူလည်း အလွန်ပေါ်မယ်။ အထူးသဖြင့် ဆွေမျိုးရင်းတွေကြောင့် စိတ်ရှုပ်ရတတ်တဲ့ ကာလမျိုးပါပဲ။ အိမ်ကိစ္စ၊ နေရာကိစ္စအစီအစဉ်တွေလည်း လွဲချော်သွားတတ်ပါတယ်။ မိတ်ဆွေရင်းတွေက မကောင်းမြင် အထင်လွဲကြလိမ့်မယ်။ ပစ္စည်းတစ်ခု ဝယ်ဖို့ရောင်းဖို့ကိစ္စ မတင်မကျကြီးဖြစ်နေမယ်။ အောက်လက်ငယ်သားတွေ အိမ်က ထွက်သွားတတ်တယ်။ စကားများပြေရှင်းရတာ၊ မတော်တဆ ထိခိုက်မိတာမျိုးတွေလည်း ကြုံရတတ်ပါတယ်။ ပြည်တွင်းပြည်ပခရီးကိစ္စတွေ ထစ်ငေါ့နေတတ်ပါတယ်။ အချစ်ရေး အိမ်ထောင်ရေးမှာတော့စိတ်ချမ်းမြေ့စရာတွေကြုံလာမယ်။ ဝမ်းသာစရာ စာတွေ၊ အဆက်အသွယ်တွေ ရောက်လာ





တတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စတွေ အခြေအနေကောင်းကြုံမယ်။ ဆရာကောင်း၊ သမားကောင်းတွေ တွေ့တတ်တယ်။ ပညာကောင်းတွေ ရတတ်ပါတယ်။ ငွေရေးကြေးရေး အထစ်အငေါ့တွေ အဆင်ပြေသွားမယ်။ ရပ်ထားရတဲ့အလုပ်တွေ၊ လုပ်ငန်းအဟောင်းတွေ ပြန်လုပ်ရတတ်ပါတယ်။ ဆုံးရှုံးပြီလို့ထင်ထားတဲ့အရာတွေ ပြန်ရလာတတ်ပါတယ်။

အဘမင်းသိင်္ခ၏ တပည့်များ
သစ္စာရေ သောက်ထားခဲ့သည့် အချက်အချို့
အဘမင်းသိင်္ခထံမှလွဲ၍ ဤပညာရပ်များနှင့်ပတ်သက်၍
အခြားမည်သူ့ထံတွင်မှ သစ္စာခံခြင်း၊ တပည့်ခံခြင်း
မပြုပါ။
အဘမင်းသိင်္ခ၏ ခွင့်ပြုချက်မရှိဘဲ
ဤပညာရပ်များကို တစ်ဆင့်ပြန်လည်သင်ကြားခြင်း၊
ဖြန့်ဖြူးခြင်းမပြုပါ။

## ၂၀၁၂ ခု ဒီဇင်ဘာလအတွင်း

ဒီရက်တွေအတွင်းမှာ ကောင်းသောအပြောင်းအလဲတွေ ထူးထူးခြားခြားဖြစ်တတ်ပါတယ်။ အထူးသဖြင့် အတွေးအခေါ်ပိုင်းဆိုင်ရာ၊ ခံယူချက်ပိုင်းဆိုင်ရာ စိတ်သဘောထား အပြောင်းအလဲတွေ ဖြစ်ပေါ်လာတတ်ပါတယ်။ အလုပ်မှာလည်း ကောင်းသောအပြောင်းအလဲတွေ ကြုံမယ်။ လက်ရှိလုပ်ငန်းကို တိုးချဲ့တာပဲဖြစ်ဖြစ်၊ လုပ်ငန်းပြောင်းတာ၊ အသစ်စတာပဲဖြစ်ဖြစ် အောင်မြင်နိုင်ပါတယ်။ ရပ်ဝေးကလုပ်ငန်း အဆက်အသွယ်ကောင်းတွေ ပေါ်လာတတ်ပါတယ်။ နေရာထိုင်ခင်းကိစ္စ၊ အဆောက်အဦကိစ္စအတွက်တော့ စိတ်ညစ်ရတတ်တယ်။ ဆရာသမားလိုပုဂ္ဂိုလ်တွေ၊ ကြီးကဲသူတွေနဲ့ အခန့်မသင့်ဖြစ်တတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စတွေမှာ အထစ်အငေါ့ အနှောင့်အယှက် ကြီးကြီးမားမားကြုံတတ်ပါတယ်။ အရင်တုန်းကဖြစ်ဖူးတဲ့ ပြဿနာဟောင်း၊ ရောဂါဟောင်းတွေပြန်ပေါ်လာတတ်ပါတယ်။ အိမ်သူအိမ်သားအချင်းချင်း







စကားများ ရန်ဖြစ်ရတတ်တယ်။ အချစ်ရေးအိမ်ထောင်ရေးမှာလည်း ကြီးကဲသူတွေကိုအကြောင်းပြုပြီး အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ ရပ်ဝေးကပစ္စည်းတွေဝင်တတ်တယ်။ ခက်ခဲထစ်ငေါ့နေတဲ့ အရောင်းအဝယ်ကိစ္စတွေ အောင်မြင်သွားမယ်။ မိတ်ဆွေရင်းတွေရဲ့ ထိရောက်သောအကူအညီကောင်းတွေ ရရှိမယ်။ နိုင်ငံရပ်ခြားကို ထွက်ဖို့ကြိုးစားနေတဲ့ ဆွေမျိုးသားချင်းတွေ အဆင်ပြေမယ်။ ထိပေါက်သလို ငွေတွေဝင်လာတတ်ပါတယ်။ ကျန်းမာရေးကတော့ တရှောင်ရှောင်ဖြစ်နေတတ်ပါတယ်။ လူနာစောင့်သည်ကို ကူညီရတတ်ပါတယ်။ ဆွေမျိုး၊ မိတ်ဆွေရင်းထဲက ကြီးကဲသူတစ်ဦး အမှုအခင်းကြုံတတ်ပါတယ်။



## ၂၀၁၃ မှာ ဓနုသားသမီးများ
## စိတ်ရှည်ခေါင်းအေး အားမွေးရမည့်အချိန်

ဒီနှစ်ထဲမှာ မိတ်ဆွေရဲ့ ကံကြမ္မာကို အကောင်းအဆိုးခွဲပြီး ပြောရမယ်ဆိုရင်တော့ လူ့ဒုက္ခရောက်တာမျိုး မဟုတ်ပေမယ့် စိတ်အနှောင့်အယှက်လေးတွေ အတော်များတတ်တဲ့အချိန်လို့ ပြောရမှာပါပဲ။

မတင်မကျ၊ မရေမရာတွေ၊ သို့လော သို့လော အခြေအနေမျိုးတွေ တစ်မျိုးပြီးတစ်မျိုး ကြုံလာရတတ်ပါတယ်။ အဲဒါတွေကို စိတ်မရှည်ဘဲနဲ့ တစ်ဇွတ်ထိုးလုပ်ချင်စိတ်တွေပေါ်နေတတ်ပါတယ်။ဆုံးဖြတ်ရခက်တဲ့အကျပ်အတည်းမျိုးတွေလည်း ကြုံလာရတတ်ပါတယ်။ အထင်လွဲစွပ်စွဲခံရတာ၊ နာမည်ပျက်ခံရတာ၊ သူများပြဿနာထဲမှာ ဆွဲအထည့်ခံရတာမျိုးတွေလည်း ကြုံလာရတတ်ပါတယ်။

အထူးသဖြင့် ဒီနှစ်ဟာ ဆွေမျိုးသားချင်းတွေကြောင့် စိတ်အနှောင့်အယှက်ကြုံရတတ်တဲ့နှစ်မျိုးပါပဲ။

စိတ်ရှုပ်ခေါင်းစားစရာတွေကြောင့် ကျန်းမာ





ရေးကိုပါ ထိခိုက်စေတတ်ပါတယ်။

ဒီကိန်းမျိုးမှာ မိတ်ဆွေကောင်း၊ ဆရာကောင်းတွေတော့ တွေ့ရတတ်ပါတယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စ၊ စာမေးပွဲကိစ္စ၊ အင်တာဗျူးကိစ္စတွေမှာ အလွန်ကောင်းပြီးဆုထူးဘွဲ့ထူးတွေရတတ်တဲ့အချိန်ဖြစ်ပါတယ်။ ဝန်ထမ်းဆိုရင်လည်းသင်တန်းတို့၊နိုင်ငံခြားအခွင့်အရေးတို့ ပေါ်လာတတ်ပြီး ရာထူးတိုးတာတွေ ကြုံရနိုင်ပါတယ်။ ဒါပေမဲ့ ဒီကိန်းမျိုးမှာ နေရာကိစ္စတို့၊ ဝင်ငွေကိစ္စတို့မှာတော့ အတော့်ကို စိတ်ညစ်ရပါလိမ့်မယ်။

ကိုယ်ပိုင်စီးပွားထက် ဝန်ထမ်းလိုအလုပ်မျိုးတွေပိုပြီးအဆင်ပြေတတ်တဲ့ကိန်းမျိုးဖြစ်ပါတယ်။ကိုယ်ပိုင်လုပ်ငန်းဆိုရင် လုပ်ငန်းအောင်မြင်ရင်တောင် ငွေတွေမြုပ်သွားတာ၊အကြွေးရစရာပေးစရာတွေရှုပ်ကုန်တာ၊အလေအလွင့်များတာမျိုးတွေ ကြုံရတတ်ပါတယ်။

ကိုယ်ပိုင်လုပ်ငန်းဆိုရင်လည်း အထည်၊ ထီး၊ ဖိနပ်၊ လျှပ်စစ်ပစ္စည်း၊ ဖုန်း၊ ပရိဘောဂ၊ ပဲ၊ ပြောင်း၊

နှမ်း၊ နွား ...စတဲ့ အလုပ်တွေမှာတော့ တိုးတက်အောင်မြင်နိုင်ပါတယ်။ အမွေရသလိုမျိုးလည်း ကြုံရတတ်ပါတယ်။

ဘုရားရဟန္တာပုံတော်တွေ၊ ဘာသာရေးပစ္စည်းတွေ ဝင်လာခဲ့ရင် အလွန်နိမိတ်ကောင်းပါတယ်။ အဲဒီလိုကြုံတာနဲ့ ၇ အစ၊ ၁ အဆုံး၊ ၅ အစ၊ ၆ အဆုံးထိကို မဖြစ်မနေထိုးပါလို့ တိုက်တွန်းလိုပါတယ်။ နိုင်ငံခြား၊ လူမျိုးခြားနဲ့ပတ်သက်တဲ့အလုပ်တွေမှာလည်း အထူးအကျိုးပေးအောင်မြင်နိုင်ပါတယ်။ နိုင်ငံခြားကိစ္စတွေ အောင်မြင်ချင်ရင် တနင်္ဂနွေမနက်ပိုင်းမှာ အတောင်ပါသော သတ္တဝါ(၇)ကောင် ဘေးမဲ့လွှတ်လိုက်ပါ။

ဒီနှစ်ထဲမှာ အိမ်အဆောက်အဦနေရာထိုင်ခင်းကိစ္စ၊ မိသားစုရေးရာကိစ္စတွေမှာ အဆင်မပြေမှုများတတ်ပါတယ်။ တိုးလိုးတန်းလန်းတွေ ဖြစ်နေတတ်ပါတယ်။ မိသားစုတွေလည်း တကွဲတပြား ဖြစ်ရတတ်ပါတယ်။

အိမ်ထောင်ရှင်များအဖို့ ရပ်ဝေးခွဲနေရတာ၊ ကွဲသလိုဖြစ်နေတာ၊အဆင်မပြေမှုများတာမျိုးတွေကြုံရတတ်







ပြီး ငယ်ရွယ်သူများအဖို့ အချစ်ရေးမှာ ရှုပ်ထွေးတတ်ပါတယ်။ အစီအစဉ်မရှိဘဲ ရုတ်တရက် အိမ်ထောင်ကျသွားတတ်တဲ့ကိန်းမျိုးပါပဲ။

တစ်ရပ်တစ်ကျေးက အောက်လက်ငယ်သားသားသမီးတွေနဲ့ပတ်သက်လို့အဆင်ပြေစိတ်ချမ်းသာစရာတွေကြုံနိုင်ပြီး ရွှေရတနာပစ္စည်းတွေလည်း အကျိုးပေးတတ်ပါတယ်။ စပ်တူကိစ္စ၊ စာချုပ်စာတမ်းကိစ္စ၊ ငွေကား၊ ကျောက်၊ အလှူ မင်္ဂလာကိစ္စတွေ၊ ခရီးနဲ့ သယ်ယူပို့ဆောင်ရေးကိစ္စတွေမှာတော့ အဆင်မပြေ အလွဲအချော်တွေ များတတ်ပါတယ်။

ကျန်းမာရေးအနေနဲ့ အကြောအဆစ်၊ အစာမှား၊ ဆေးမှား၊ သွား၊ သွေးစတာတွေကို သတိမူသင့်ပြီး အထူးသဖြင့် ခွဲစိတ်မှုပိုင်းဆိုင်ရာ သတိထားရပါလိမ့်မယ်။

ခြုံငုံပြီးပြောရမယ်ဆိုရင်တော့ ဒီနှစ်ထဲမှာ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းတွေ၊ ငွေကြေးဆိုင်ရာကိစ္စမျိုးတွေကို စိတ်ရှည်ရှည်နဲ့ ပုံမှန်လေး မှေးပြီးလုပ်သွားသင့်

ပါတယ်။ ဝန်ထမ်းကံ၊ နိုင်ငံခြားကံ၊ သင်တန်းကံ၊ ပညာရေးကံ၊ ရာထူးနာမည်ဂုဏ်သတင်းကံတွေကတော့ အထူးကောင်းတယ်လို့ သုံးသပ်ရမှာပါပဲ။

ဒီနှစ်ထဲမှာ အရေးကြီးတဲ့လုပ်ငန်းဆောင်တာတွေ လုပ်မယ်ဆိုရင် စနေနေ့၊ ကြာသပတေးနေ့တွေကို ရွေးချယ်လုပ်ကိုင်သင့်ပြီး တနင်္လာနေ့၊ သောကြာနေ့တွေ၊ တနင်္လာသားသမီး၊ သောကြာသားသမီးကိုတော့ သတိထားရှောင်ကြဉ်သင့်ပါတယ်။ ဒီလိုကိန်းမျိုးကို ကျွန်တော်တို့အဘကတော့ 'စိတ်ရှည်သည်းခံ ငွဲနှင့်ကြံ'လို့ ပြောလေ့ရှိပါတယ်။**ကောင်းစရာရှိတာတွေပိုကောင်းလာပြီး ညံ့တာတွေပြေပျောက်သွားဖို့အတွက်အကြောင်းကြီးငယ်ရှိတိုင်း အလေးဂရုပြုပြီး ပြုလုပ်သင့်တဲ့ယတြာတွေကတော့...**

စနေနေ့တွေမှာ ဘုရားတစ်ဆူဆူရဲ့ စနေထောင့်မှာ ထီးဖြူ ၁၂ လက်လှူပြီး ဗုဒ္ဓေါဂုဏ်တော်ကို ပုတီး ၁၂ ပတ် စိပ်ပါလေ။





ကြာသပတေးနေ့မနက်တွေမှာ မိဘ၊ ဆရာ၊ ကြီးကဲသူတို့ကို ဒံပေါက် (သို့မဟုတ်) ထောပတ်ထမင်း လှူဒါန်းပါလေ။ အရေးကြီးတဲ့ကိစ္စရှိတဲ့အခါ ပိတောက်ပင်တစ်ပင်အောက်မှာ အနောက်တောင်ဘက်ကိုလှည့်ပြီး ပေါင်မုန့် တစ်ချပ်စားရင်း ဆုတောင်းသွားပါလေ။

အခက်အခဲပြဿနာကြုံတဲ့အခါ၊ ကျန်းမာရေးညံ့တဲ့အခါတွေမှာတော့ တနင်္လာညနေစောင်းမှာ ကန်စွန်းညွန့် ၂၇ ညွန့်ကို 'ဝံ့ဒဏ် နင်ခံ' ဆိုပြီး နောက်ဖေးဘက်မှာ ခြေနဲ့နင်းချေပစ်လိုက်ပါလေ။

**ငွေကြေးကိစ္စ၊ ကားနဲ့ အချစ်ရေးကိစ္စများအတွက်**အစိမ်းရောင်ပိတ်စဖြင့်မျက်နှာကြက်ချုပ်ပြီး ဘုရား၊ ဘုန်းကြီးကျောင်းစသည်၌ လှူလိုက်ပါလေ။

**ရာထူးကိစ္စ၊ သင်တန်း၊ အင်တာဗျူးကိစ္စများအတွက်**ဘုန်းကြီးဆောင်းထီးတစ်လက်ဖွင့်လျက် သားလှူလိုက်ပါလေ။

## ၂၀၁၃ ဇန်နဝါရီလအတွင်း

ဒီရက်တွေအတွင်းမှာ အတော့်ကို ကံနိမ့်ပါတယ်။ အစစအရာရာ သတိဝီရိယရှိဖို့ အရေးကြီးပါတယ်။ ပြဿနာတွေက ခြေထောက်ပေါက်ပြီး ရောက်လာတတ်တယ်။ မိတ်ဆွေရင်းဆိုသူများက မီးခွက်ထွန်းပြီး ပြဿနာရှာပါလိမ့်မယ်။ ကိုယ့်ရဲ့မိသားစုကလည်း ကိုယ့်အပေါ်မှာ အထင်အမြင်လွဲတတ်တယ်။ မတော်တဆ ထိခိုက်မိဖြစ်တာ၊ဆေးရုံဆေးခန်းရောက်သည်အထိကျန်းမာရေးညံ့တာ၊ ငွေတွေ၊ ပစ္စည်းတွေ ပျက်စီးပျောက်ဆုံးတာ၊ အမှုအခင်းလိုမျိုးရှင်းရလင်းရတာတွေကြုံရတတ်ပါတယ်။ ခရီးများများသွားနေလေ ကောင်းလေပါပဲ။ ဘယ်မှမသွားဖြစ်ရင်တောင် မကြာခဏ အိပ်ရာကလေး ရွှေ့အိပ်သင့်ပါတယ်။ အိပ်မက်ဆိုးတွေ မက်တတ်တယ်။ ထိတ်လန့်ခြောက်ခြားစရာတွေ၊ နိမိတ်ဆိုးတွေ တွေ့ရကြုံရ ကြားရတတ်ပါတယ်။ အချစ်ရေး အိမ်ထောင်ရေးမှာလည်း အခြေအနေ တင်းတင်းမာမာ ဖြစ်တတ်တယ်။ လူကြီးတွေဝင်ရှုပ်





လို့ ပိုဆိုးသွားတတ်ပါတယ်။ ခက်ခဲထစ်ငေါ့နေတဲ့ ပစ္စည်းအရောင်းအဝယ်ကိစ္စတွေကတော့ အောင်မြင်သွားလိမ့်မယ်။ အောက်လက်ငယ်သားရဲ့ သတင်းကောင်းကြားမယ်။ ပြဿနာဖြစ်နေသူတွေနဲ့ သင့်မြတ်အဆင်ပြေသွားမယ်။ ဆရာဟောင်းသမားဟောင်းတွေနဲ့ ပြန်ဆုံရတတ်တယ်။ ပညာရေး သင်တန်းအစီစဉ်တွေ ပျက်မလိုလိုနဲ့ အောင်မြင်သွားလိမ့်မယ်။ ငွေရေးကြေးရေးကတော့ တော်တော်ညံ့ပါတယ်။ မဝင်တဲ့အပြင် ဆီလိုအပေါက်ရှာပြီး ထွက်နေမယ်။ ကိုယ့်ရဲ့အလုပ်အပြင်တာဝန်အပိုတွေ ထမ်းဆောင်ရတတ်ပါတယ်။ အလှူကိစ္စ၊ ဘာသာရေးကိစ္စတွေအတွက် စိတ်ရှုပ်ရတတ်ပါတယ်။ နေရာထိုင်ခင်းနဲ့ ပတ်သက်လာရင်လည်း ဟိုမှာနေရမလို ဒီမှာနေရမလို ဖြစ်နေတတ်ပါတယ်။

## ၂၀၁၃ ဖေဖော်ဝါရီလအတွင်း

ဒီရက်တွေအတွင်းမှာ ကံနည်းနည်းကလေး ညံ့တယ်။ ဆိုးဆိုးဝါးဝါးတော့ မဟုတ်ပါဘူး။ စိတ်ကတော့ အလွန်ညစ်ရမယ်။ လုပ်သမျှကြံသမျှ အလွဲလွဲအချော်ချော် ဖြစ်နေမယ်။ စိတ်တိုင်းမကျစရာတွေ ကြုံနေမယ်။ အလုပ်လည်း မနားရအောင် ရှုပ်မယ်။ ကိုယ့်ကိစ္စထက် သူတစ်ပါးရဲ့ကိစ္စတွေက ပိုပြီးရှုပ်နေတတ်တယ်။ အရေးကြီးတဲ့ အလုပ်တွေ လစ်ဟင်းချွတ်ချော်သွားတတ်ပါတယ်။ အလုပ်မှာ အထစ်အငေါ့တွေ များတတ်တယ်။ ပစ္စည်းတစ်ခုအတွက် ငြင်းခုံဖြေရှင်းရတတ်တယ်။ လက်ဝတ်ရတနာတွေ ထွက်တတ်တယ်။ မိတ်ဆွေ၊ မောင်နှမတို့ရဲ့ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်ရှုပ်ရလိမ့်မယ်။ အဆောက်အဦကိစ္စ၊ နေရာကိစ္စ အပြောင်းအရွှေ့ကိစ္စတွေ အဆင်ပြေအောင်မြင်မယ်။ အောက်လက်ငယ်သားအတွက် စိတ်ချမ်းသာရမယ်။ အပူလောင်တာ၊ ဓာတ်လိုက်တာ၊ အဖိုးတန်ပစ္စည်းတွေ ပျက်စီးဆုံးရှုံးတာ၊ သူခိုးခိုးခံရတာတွေ ကြုံတတ်ပါတယ်။







မိဘဆရာသမားတို့ရဲ့ အမြင်မကြည်မလင်ခြင်းကို ခံရတတ်တယ်။ ပညာရေး၊ သင်တန်း အစီအစဉ်တွေမှာ စိတ်မပါဘဲဖြစ်လာမယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာတော့ စိတ်ချမ်းသာဖွယ်သတင်းကောင်းတွေကြားရတတ်တယ်။ ပျော်ရွှင်ဖွယ်ခရီးတွေ သွားရတတ်တယ်။ ဝမ်းသာစရာစာတွေ၊ သတင်းတွေ ရောက်လာတတ်ပါတယ်။ ငွေရေးကြေးရေးအတွက်လည်း အင်မတန် စိတ်ချမ်းသာရမယ်။ မဖြစ်စလောက်နဲ့ ပြင်းပြင်းထန်ထန် ဖြေရှင်းရတတ်တာကိုတော့ သတိပြုသင့်ပါတယ်။

> **အဘမင်းသိင်္ခ၏ တပည့်များ**
>
> ပညာမျိုးဆက်များသည် သတ်မှတ်ထားသော
> ဥာဏ်ပူဇော်ခကိုသာ ယူကြပါသည်။
> ယတြာကြေး၊ ဓာတ်ရိုက် ဓာတ်ဆင်ကြေး
> လုံးဝ မယူကြပါ။

## ၂၀၁၃ မတ်လအတွင်း

ဒီရက်တွေအတွင်းမှာ ရပ်ဝေးအဆက်အသွယ်ကောင်းတွေ ပေါ်လာမယ်။ ခရီးကိစ္စပေါ်လာမယ်။ အောင်မြင်မယ်။မျက်မှန်နဲ့လူဆီက အကူအညီကောင်းတွေ ရတတ်တယ်။ ထွက်နေတဲ့ငွေတွေ၊ ပစ္စည်းတွေ ပြန်ဝင်လာမယ်။ ဆုံးရှုံးထားတဲ့ အခွင့်အရေးတွေ ပြန်ရတတ်ပါတယ်။ ပျောက်နေတဲ့ပစ္စည်းတွေ အမှတ်မထင် ပြန်တွေ့တတ်ပါတယ်။ ဆရာသမား၊ မိတ်ဆွေတို့ရဲ့ အကူအညီကောင်း ပေါ်လာမယ်။ အပေါင်းအသင်းနှစ်ယောက်ရဲ့ သတင်းကောင်း ကြားမယ်။ အိမ်ကိစ္စ၊ အဆောက်အဦကိစ္စ၊ နေရာကိစ္စတွေမှာတော့ မှန်းချက်နဲ့နှမ်းထွက် လွဲကုန်တတ်ပါတယ်။ အောက်လက်ငယ်သားအတွက်လည်း စိတ်သောကရောက်ရတတ်တယ်။ မိသားစုထဲက တစ်ယောက် ခြေထောက်မှာ ထိခိုက်မိတတ်ပါတယ်။ မဖြစ်စလောက် အခက်အခဲ၊ ပြဿနာလေးတစ်ခု ရှင်းမပြီးနိုင်ဘဲ ဖြစ်နေတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်





လို့ကတော့ သာယာရန် ရာနှုန်းပြည့်လို့ ပြောရမှာပါပဲ။ ကြည်နူးဝမ်းမြောက်ဖွယ် လက်ဆောင်ပစ္စည်းတွေလည်း ဝင်လာတတ်ပါတယ်။အရေးကြီးတဲ့ကိစ္စတစ်ခုမှာ ဆုံးဖြတ်ချက်မှားတတ်ပါတယ်။ စိတ်လေစရာ အဖြစ်အပျက်တွေ ကြုံလာတတ်တယ်။ ရပ်ဝေးကြီးကဲသူဆီက အကူအညီရတာ၊ ရပ်ဝေးသတင်းကောင်းကြားတာ ပညာရေးကိစ္စ၊ သင်တန်းကိစ္စအတွက် ဝမ်းသာစရာကြုံတာ၊ လုပ်ငန်းအဆက်အသွယ်သစ်၊ အခွင့်အလမ်းကောင်း ပေါ်လာတာတွေ ကြုံရတတ်ပါတယ်။ ငွေနဲ့ပတ်သက်ပြီး အထစ်အငေါ့ အခက်အခဲတွေ ပြေလည်သွားမယ်။ သူတစ်ပါးတွေရဲ့ အထင်လွဲစွပ်စွဲခြင်း ခံရတတ်တာကိုတော့ သတိပြုရမယ့် အချိန်ပါပဲ။



## ၂၀၁၃ ဧပြီလအတွင်း

ဒီရက်တွေအတွင်းမှာ ထူးထူးခြားခြား အောင်မြင်မှု တွေကြုံမယ်။ ဝမ်းသာစရာနှစ်မျိုး ကြုံမယ်။ အလုပ်တွေကို အရှိန်အဟုန်မြှင့် တိုးချဲ့သင့်တဲ့ အချိန်လေးပါပဲ။ ပစ္စည်း ဝယ်/ရောင်း၊ ငှားရမ်းတဲ့ကိစ္စတွေမှာတော့ အဆင်မပြေ အလွဲအချော်ဖြစ်တတ်တယ်။ ရပ်ဝေးမိတ်ဆွေ၊ မောင်နှမတွေဆီက အကူအညီကောင်းပေါ်လာမယ်။ သူတို့ရဲ့သတင်းကောင်းလည်းကြားရတတ်ပါတယ်။အဆောက်အဦကိစ္စ၊ အလုပ်နေရာ၊ အိမ်နေရာကိစ္စတွေ အဆင်ပြေမယ်။ နေရာဟောင်းတွေနဲ့ ပြန်ပြီးပတ်သက်ရတတ်ပါတယ်။ အောက်လက်ငယ်သားနဲ့ပတ်သက်လို့ ရည်ရွယ်ထားတဲ့အစီအစဉ်တစ်ခုကတော့ လွဲသွားချော်သွားလိမ့်မယ်။ စိတ်ညစ်စရာဒေသ့သည်၊ ဒုက္ခပေးမယ့်ဒေသ့သည်လည်း ရောက်လာတတ်ပါတယ်။ မီး၊ လျှပ်စစ်၊ အပူအန္တရာယ်ကြုံရတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ပြေလည်နေမယ်။ မပြေလည်ဘူးဆိုရင်လည်း အမျိုး





ဝိဇ္ဇာမျက်လုံးတဲ့ရော့ဟောကိန်းများ

သမီးတစ်ဦးက ကြားဝင်ကူညီလာလိမ့်မယ်။ ခရီးအစီအစဉ်တစ်ခု လွဲသွား၊ ချော်သွားတတ်ပါတယ်။ မသွားချင်တဲ့ခရီး၊ အစီအစဉ်မရှိတဲ့ ခရီးမျိုးလည်း သွားရတတ်ပါတယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စတွေမှာ အဆင်မပြေကြီးစွာ ဖြစ်ရတတ်ပါတယ်။ ဆရာသမားလို ပုဂ္ဂိုလ်တွေထိခိုက်အန္တရာယ်ကြုံတတ်တယ်။ အလုပ်ကိစ္စ အလိမ်ခံရတတ်တယ်။ သူတစ်ပါးပြဿနာကို ခေါင်းခံပြီးရှင်းရတတ်ပါတယ်။ မထင်မှတ်တဲ့ အလုပ်အခွင့်အရေးကောင်း၊ အဆက်အသွယ်ကောင်းတွေတော့ပေါ်လာတတ်တယ်။ငွေရေးကြေးရေး၊ စာရင်းဇယားကိစ္စတွေမှာ ရှုပ်ရှုပ်ထွေးထွေးဖြစ်တတ်ပါတယ်။ ကိုယ့်အတွက် အတော်ကြီးခေါင်းစားနေရတဲ့ ပြဿနာတစ်ခုကတော့ ဟိုလိုဒီလိုနဲ့ပဲ ရှင်းလို့လင်းလို့ အဆင်ပြေသွားပါလိမ့်မယ်။

## ၂၀၁၃ မေလအတွင်း

ဒီရက်တွေအတွင်းမှာ ရပ်ဝေးနဲ့ပတ်သက်တဲ့ ကိစ္စတွေ အောင်မြင်မယ်။ ကောင်းသောခရီးတွေ သွားရ တတ်ပါတယ်။ ထစ်ငေါ့ ကြန့်ကြာနေတဲ့ ပစ္စည်း အဝယ် အရောင်း၊ အငှားအရမ်း၊ အသွင်းအထုတ်ကိစ္စတွေ အောင် မြင်မယ်။အနီးကပ်သူငယ်ချင်းမိတ်ဆွေတွေ၊မောင်နှမတွေ နဲ့ အဆင်မပြေကြီးစွာဖြစ်ရတတ်ပါတယ်။ သူတို့တွေ ခြေထောက်မှာ ထိခိုက်မိတတ်တယ်။ နေရာကိစ္စ၊ အိမ်ကိစ္စ အစီအစဉ်တွေလွဲချော်သွားတတ်ပါတယ်။ဟိုမှာနေရတော့ မလို၊ ဒီမှာနေရတော့မလို ယောင်တောင်တောင်ဖြစ်နေရ တတ်ပါတယ်။ အမေ၊ အစ်မ၊ အဒေါ် စသူတွေနဲ့ စီစဉ် ထားတဲ့အစီအစဉ်တွေလည်း လွဲသွား၊ ပျက်သွားတတ်ပါ တယ်။ အောက်လက်ငယ်သားက ပြဿနာရှာ၊ ရန်လုပ် လာတတ်ပါတယ်။ ယာဉ်ကိစ္စ၊ စက်ကိစ္စတွေအတွက် လည်း ပြောဆိုဖြေရှင်းရတတ်ပါတယ်။ အမျိုးသမီးတစ်ဦး က ဒုက္ခပေးလာတတ်ပါတယ်။ အချစ်ရေးအိမ်ထောင်ရေး







မှာ သတိကြီးစွာထားရမယ့် ရက်တွေပါပဲ။ အဆင်မပြေရန် ရာနှုန်း (၈၀)ဖြစ်နေပါတယ်။ သူ့လမ်းသူလျှောက်၊ ကိုယ့် လမ်းကိုယ်လျှောက် ဖြစ်ကုန်တတ်ပါတယ်။ ဘာရယ် မဟုတ်ဘဲ စိတ်မွန်းကျပ်နေမယ်။ စိတ်တိုလွယ်၊ ပြဿနာ ဖြစ်လွယ်တဲ့ အချိန်ပါပဲ။ မလုပ်ချင်တဲ့အလုပ်တွေလည်း လုပ်ရတတ်ပါတယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စနဲ့ပတ် သက်တဲ့ အခက်အခဲတွေကတော့ ပြေလည်သွားမယ်။ ဆရာသမား၊ ကြီးကဲသူတွေနဲ့လည်း ပြေလည်မယ်။ အလုပ်အခွင့်အရေးကောင်းတွေ ကြုံလာမယ်။ အောင်မြင်မှု ကြီးတွေရတတ်တယ်။ ငွေကြေးရော၊ နာမည်ဂုဏ်သတင်း ပါ တိုးတက်မယ့် အချိန်ပါပဲ။ ငွေဝင်သလောက် တရင်း ဇယား အရှုပ်အထွေးတွေ ကြုံရတတ်ပါတယ်။ သူခိုးခိုးခံ ရတာ၊ သော့ဒုက္ခပေးတာ၊ သေချာသိမ်းဆည်းထားတဲ့ ပစ္စည်း ပျောက်ဆုံးတာ၊ ဘာသာရေးနဲ့ပတ်သက်တဲ့ကိစ္စ တွေအတွက် ပူပင်သောက ရောက်ရတာမျိုးတွေတော့ ကြုံရတတ်ပါတယ်။

## ၂၀၁၃ ငှန်လအတွင်း

ဒီရက်တွေအတွင်းမှာ အဆင်မပြေမှုတွေများမယ်။ ပြဿနာတွေ တစ်ခုပြီးတစ်ခု တန်းစီနေတတ်ပါတယ်။ မတော်တဆ ထိခိုက်မိအန္တရာယ်ကြုံတာ၊ မီး၊ လျှပ်စစ်၊ သူခိုး ဒုက္ခပေးတာမျိုးတွေ ကြုံရတတ်ပါတယ်။ ရည်ရွယ်ချက်ကြီးတွေ ပျက်သုဉ်းပြီး ခြေကုန်လက်ပန်းကျ ဖြစ်သွားတတ်တဲ့ အချိန်မျိုးပါပဲ။ ပစ္စည်း အဝယ်အရောင်း၊ အငှားအရမ်း၊ အသွင်းအထုတ်ကိစ္စတွေမှာလည်း ပြဿနာ ကြုံရတတ်တယ်။ တစ်ယောက်ယောက်က တမင်ညစ်ပြီး ချောက်ချ အကောက်ကြံတာမျိုး ကြုံလာတတ်ပါတယ်။ မိတ်ဆွေရင်းတွေ၊ ဆွေမျိုးသားချင်းတွေနဲ့လည်း ခွန်းကြီး ခွန်းငယ် စကားများရတတ်ပါတယ်။ အဆောက်အဦကိစ္စ၊ နေရာထိုင်ခင်းကိစ္စတွေကတော့အဆင်ပြေအောင်မြင်မယ်။ ရပ်ဝေးကို ရောက်နေတဲ့သူတွေနဲ့ ပြန်လည်ဆုံဆည်းရတတ်ပါတယ်။ တစ်ရပ်တစ်ကျေးက ဆွေမျိုးရဲ့ သတင်းကောင်းလည်း ကြားရတတ်ပါတယ်။ အောက်လက်ငယ်







သားတွေ ရပ်ဝေးခရီးသွားရတတ်ပါတယ်။ ပြဿနာအဟောင်း၊ ဒုက္ခအဟောင်းတွေ ပြန်ပေါ်လာတတ်ပါတယ်။ ပြီးသွားပြီထင်တဲ့ အဆင်မပြေမှုတွေ တစ်ကျော့ပြန်လာတတ်တယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာတော့ အထစ်အငေါ့တွေ ပြေလည်သွားမယ်။ ကောင်းသော အပြောင်းအလဲတွေ ဖြစ်လာမယ်။ ကျန်းမာရေးကိစ္စအတွက် ခရီးသွားရတာမျိုး၊ လူနာဧည့်သည် ရောက်လာလို့ ကူညီပြုစုရတာမျိုး ကြုံရတတ်ပါတယ်။ ခရီးအစီအစဉ်တွေ လွဲသွား၊ ပျက်သွားတတ်ပါတယ်။ ပညာရေးအစီအစဉ်၊ သင်တန်းအစီအစဉ်တွေလည်း လက်လျှော့ရမတတ် ဖြစ်သွားတတ်ပါတယ်။ ဆရာသမား၊ ကြီးကဲသူတို့ရဲ့ သောကရောက်ဖွယ်သတင်းကို ကြားရတတ်ပါတယ်။ အလုပ် ရည်ရွယ်ချက်တွေမှာ မိန်းမတစ်ယောက် ဝင်ရှုပ်လာလိမ့်မယ်။ မလုပ်ချင်တဲ့အလုပ်တွေ လုပ်နေရတတ်တယ်။ ဖခင်၊ ဦးလေး၊ အစ်ကို စသူတွေနဲ့ မိမိကြားမှာ မိန်းမတစ်ယောက် ဝင်ရှုပ်လာတတ်ပါတယ်။ ငွေရေးကြေးရေးက

လည်း မဝင်သလောက်ဖြစ်နေမယ်။ ရှိတဲ့ငွေကလေးက လည်း ကောင်းရာကောင်းကြောင်း မဟုတ်တဲ့ကိစ္စတွေမှာ သုံးပစ်လိုက်ရတတ်ပါတယ်။ လျှပ်စစ်ပစ္စည်းတွေ ဒုက္ခပေး တတ်တယ်။ အပူလောင်တာ၊ ရေချိုးမှားတာ၊ အဝတ် အထည်၊ ထီး၊ ဖိနပ်တွေ ပျက်စီးပျောက်ဆုံးတာမျိုးတွေ လည်း ကြုံရတတ်ပါတယ်။

> အဘမင်းဒင်္ဂီ၏ ဗေဒင်လက္ခဏာ ဂဠုန်ပညာရပ်များကို
> အမွေဆက်ခံလိုသူများအတွက် အပတ်စဉ်
> ကြာသပတေးညနေ၊ သောကြာညနေများတွင် ညနေ ၅
> နာရီမှ ည ၈ နာရီအထိ မနောမယလက်ဖက်ရည်တိုက်၌
> မေတ္တာဖြင့် ဆရာဝင်ယော်နီ၏ ဗေဒင်ဟောခန်းတွင်
> သင်ပြပေးနေပါသည်။ မိုရာအပတ်မှစ၍
> သင်ယူနိုင်ကြပါသည်။







## ၂၀၁၃ ဇူလိုင်လအတွင်း

ဒီရက်တွေအတွင်းမှာ ပြည်တွင်းပြည်ပ ခရီး တေးတွေ အဆင်ပြေအောင်မြင်မယ်။ ရပ်ဝေးနဲ့ ဆက်နွယ် တဲ့အလုပ်တွေကို အားပြုပြီးလုပ်သင့်တဲ့ အချိန်ပါပဲ။ အဖိုး တန်ပစ္စည်းတွေလည်း ဝင်လာမယ်။ တချုပ်ချုပ်ပြီး အလုပ် လုပ်ရတတ်ပါတယ်။ မိတ်ဆွေ၊ မောင်နှမတို့ရဲ့ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စတွေမှာ ကြားညှပ်ဖြေရှင်းရတတ် တယ်။ မိသားစုနဲ့လည်း စိတ်သဘောကြီးစွာ ကွဲရတတ်ပါ တယ်။ အိုးအိမ်၊ အဆောက်အဦ၊ နေရာထိုင်ခင်း ကိစ္စတွေ အဆင်မပြေတဲ့အပြင် ပြဿနာဖြေရှင်းရတတ်တယ်။ လောက်လက်ငယ်သားရဲ့ သတင်းကောင်းကြားရမယ်။ ဝမ်းသာစရာညှို့သည် ရောက်လာတတ်တယ်။ မီး၊ လျှပ် စစ်၊ အပူ၊ သူခိုး ဒုက္ခပေးတတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း ဆုံးဖြတ်ရခက်တဲ့ အခြေအနေ၊ စိတ်နှစ်ခွဖြစ်စရာတွေ ကြုံလာရတတ်ပါတယ်။ အဖိုးတန် ပစ္စည်း အဝယ်အရောင်းကိစ္စတွေ ပျက်တော့မလိုလိုနဲ့

အောင်မြင်သွားပါလိမ့်မယ်။ စိတ်ရှုပ်စရာ၊ စိတ်လေစရာတွေ တစ်ခုပြီးတစ်ခု ကြုံနေတတ်တယ်။ ဆုံးဖြတ်ချက်တွေမှားတတ်တယ်။ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်လေး လုပ်သင့်တဲ့အချိန်ပါပဲ။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စတွေမှာတော့ ထင်မှတ်ထားတာထက် ပိုပြီး အဆင်ပြေအောင်မြင်နေမယ်။ ဆရာဟောင်း၊ ပညာဟောင်း၊ သင်တန်းဟောင်းတွေနဲ့ ပြန်ပြီးပတ်သက်ရတတ်ပါတယ်။ မထင်မှတ်ဘဲ အလုပ်အဆက်အသွယ်သစ်၊ အခွင့်အရေးကောင်းတွေ ပေါ်လာတတ်တယ်။ အလုပ်ကိစ္စနဲ့ ခရီးဝေး သွားရတတ်တယ်။ ငွေရေးကြေးရေး အဆင်မပြေတဲ့အပြင် ပြဿနာတွေ ဖြစ်ရတတ်ပါတယ်။ လက်ရှိနေရာ၊ လက်ရှိအလုပ်ကထွက်သွားပြောင်းသွားဖို့ စိတ်ကူးတွေ ပေါ်လာတတ်ပါတယ်။







## ၂၀၁၃ ဩဂုတ်လအတွင်း

ဒီရက်တွေအတွင်းမှာ အချစ်ရေး၊ အိမ်ထောင်ရေးမှာ စိတ်သဘောတင်းတင်းမာမာကွဲတတ်ပါတယ်။ အဲဒီလို စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကြားထဲကပဲ အဖိုးတန်ပစ္စည်းတွေ ဝင်လာမယ်။ ခက်ခဲကြန့်ကြာနေတဲ့ ငွေကိစ္စ၊ ပစ္စည်းကိစ္စတွေ အဆင်ပြေသွားပါလိမ့်မယ်။

စိတ်နှစ်ခွဖြစ်စရာတွေ၊ ဆုံးဖြတ်ရခက်တာတွေ ကြုံလာတတ်ပါတယ်။ဟိုဟာလုပ်ရ ကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်သွားတတ်ပါတယ်။ အောက်လက် ငယ်သားတွေအတွက်လည်း စိတ်ရှုပ်ရတတ်ပါတယ်။ ယာဉ်၊ စက်ပစ္စည်းကို အကြောင်းပြုပြီး စကားများ ဖြေရှင်းရတတ်တယ်။ မိတ်ဆွေ ဆရာသမား၊ ဘုန်းကြီး စသူတို့က အကူညီကောင်းတွေ ပေးလာမယ်။ နေရာထိုင်ခင်းကိစ္စ၊ အဆောက်အဦကိစ္စတွေလည်း အဆင်ပြေလိမ့်မယ်။ ပြဿနာဖြစ်နေသူများနဲ့ ပြန်ပြီးအဆင်ပြေသွားမယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စတွေမှာ အခွင့်

အလမ်းကောင်းတွေ ပေါ်လာမယ်။ လက်ရှိအလုပ်ကို တိုးချဲ့ရတာ၊ လုပ်ငန်းအသစ် စတင်ရတာတွေလည်း ကြုံရတတ်ပါတယ်။ ထိုပေါက်သလို ငွေတွေဝင်လာတတ်ပါတယ်။ ထွက်နေတဲ့ ငွေတွေ၊ ပစ္စည်းတွေလည်း ပြန်ဝင်ကိန်းရှိပါတယ်။ ကျန်းမာရေးညံ့နေသူတွေ သိသိသာသာ ကောင်းသွားမယ်။ ရပ်ဝေးက လူနာချည့်သည် ရောက်လာတတ်ပါတယ်။ ဘာသာရေးလုပ်လေလေ ကံကောင်းလေလေ ဖြစ်ပါလိမ့်မယ်။ ထိထိုးချင်ရင်တော့ ၂ အစ၊ ၇ အစ ရှာပြီး ထိုးပါ။







ဗိဇ္ဇာမျက်လုံးတဲ့ရှေ့ဟောကိန်းများ

## ၂၀၁၃ စက်တင်ဘာလအတွင်း

ဒီရက်တွေအတွင်းမှာ ကိုယ်ကကျူးရင် ကိုယ့်ဒူးကိုယ်တောင် မယုံရဘူးဆိုတဲ့ ကိန်းမျိုးဆိုက်နေပါတယ်။ လုပ်သမျှ ကြံသမျှ အနှောင့်အယှက်တွေ ကြုံနေမယ်။ မနာလို ရန်လိုသူပေါ်မယ်။ ဝှပ်စွဲနာမည်ဖျက်တာတွေ ခံရတတ်ပါတယ်။ မိတ်ဆွေရင်း၊ လူရင်းတွေ သစ္စာဖောက်တတ်တယ်။ နေရာထိုင်ခင်းကိစ္စ၊ အဆောက်အဦကိစ္စ ရည်ရွယ်ချက်တွေ ပျက်သွားတတ်တယ်။ ခြေဦးတည့်ရာ ထွက်သွားချင်စိတ်တွေ ပေါ်လာတတ်တယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း ညှိမရ၊ နှိုင်းမရ ဖြစ်တတ်ပါတယ်။ လိမ့်ကျတာ၊ ချော်လဲတာ၊ ခြေထောက်၊ ခါးဒုက္ခပေးတာတွေ ကြုံရတတ်ပါတယ်။ ဆီး၊ မျက်စိကျန်းမာရေး ညံ့တတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စတွေ မတင်မကျ ဖြစ်ရတတ်တယ်။ လက်ရှိအလုပ်တွေကို ရပ်ပစ်ချင်စိတ် ပေါ်လာတတ်တယ်။ အလှူအတန်းကိစ္စတွေအတွက်လည်း စိတ်ညစ်ရတတ်ပါတယ်။ အပိုးတန်အသုံးအဆောင်၊

လျှပ်စစ်ပစ္စည်းတွေဝင်မယ်။ အောက်လက်ငယ်သား အတွက် ဝမ်းသာစရာတွေ ကြုံမယ်။ ပြဿနာတစ်ခု အလို လိုရှင်းသွားမယ်။ မိမိအားရန်လုပ်နေသူ ရပ်ဝေးသို့ထွက် သွားခြင်း၊ သူ့တရားသူ စီရင်သွားခြင်းဆိုတာမျိုးတွေ ဖြစ်သွားပါလိမ့်မယ်။ မထင်မှတ်တဲ့နေရာက ငွေတွေအများ ကြီး ဝင်လာမယ်။ ငွေအဝင်ကြမ်းသလောက် အထွက် လည်း ကြမ်းတတ်ပါတယ်။ ထီထိုးချင်ရင်တော့ ၂ အစ၊ ၄ အစ ထိကို ရှာပြီးထိုးပါလေ။









## ၂၀၁၃ အောက်တိုဘာလအတွင်း

ဒီရက်တွေအတွင်းမှာ ထီကို ဂရုစိုက်ပြီး ထိုး သင့်ပါတယ်။ ၄ အစ၊ ၆ အစ ရှာပြီးထိုးသင့်ပါတယ်။ ငွေအရှင်ကြီးရှင်နေမယ်။ အဘက်ဘက်က ငွေတွေဝင်လာ မယ်။ ရပ်ဝေးနဲ့ပတ်သက်ပြီးတော့လည်း ငွေတွေဝင်လာ တတ်ပါတယ်။ အဖိုးတန်ပစ္စည်းတွေဝင်တာ၊ လက်ဆောင် ပစ္စည်းတွေရတာ၊ အကြောင်းကြောင်းနဲ့ထွက်နေတဲ့ ငွေ တွေ၊ ပစ္စည်းတွေ ပြန်ဝင်လာတာ၊ ရပ်ဝေးက ဝမ်းသာ စရာညှော်သည်တွေရောက်လာတာ၊ နေရာထိုင်ခင်းကိစ္စ အဆောက်အဦကိစ္စ အဆင်ပြေအောင်မြင်တာတွေ ကြုံလာ မယ်။ လျှပ်စစ်နဲ့ပတ်သက်လို့ ပြင်ဆင်မွမ်းမံရတာတွေ လုပ်ဖြစ်မယ်။ အောက်လက်ငယ်သား သားသမီးအတွက် စိတ်ချမ်းသာစရာတွေ ကြုံလာမယ်။ အောက်လက်ငယ် သားရဲ့ ပညာရေးကိစ္စ၊ ခရီးကိစ္စတွေ အောင်မြင်မယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာလည်း ကောင်းသော အပြောင်းအလဲတွေ ကြုံလာမယ်။ အဆင်မပြေဖြစ်နေသူ

အဆင်ပြေသွားကြပါလိမ့်မယ်။ သူတစ်ပါးရဲ့ အချစ်ရေး၊ အိမ်ထောင်ရေးမှာတော့ ကြားညပ် ဖြေရှင်းရတတ်တယ်။ အတို့အထောင် ချောက်တွန်းလုပ်သူတွေကြောင့် မိသားစု စိတ်ဝမ်းကွဲရတတ်တယ်။ မတော်တဆထိခိုက်အန္တရာယ် ကြုံတာ၊ အပူလောင်တာမျိုးတွေ ကြုံတတ်ပါတယ်။ အလုပ်မှာ အတိုက်အခံအပြိုင်အဆိုင်တွေကြောင့် စိတ်ညစ်ရမယ်။ တမင်နှောင့်ယှက်တာ ဒုက္ခပေးတာတွေ ကြုံလာတတ်ပါတယ်။ အထူးသဖြင့် မိန်းမတစ်ယောက်က အကျပ်ကိုင်ခြိမ်းခြောက်တာမျိုး၊ ရန်တိုက်ပေးတာမျိုးတွေ လုပ်လာတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အောင်မြင်သွားပါလိမ့်မယ်။







## ၂၀၁၃ နှဝင်ဘာလအတွင်း

ဒီရက်တွေအတွင်းမှာ ခရီးကိစ္စ စိတ်ညစ်ရတတ်ပါတယ်။ ဒါပေမဲ့ ရပ်ဝေးက မိတ်ဆွေ၊ မောင်နှမတို့ရဲ့ သတင်းကောင်း ကြားရမယ်။ မထင်မှတ်တဲ့ဧည့်သည်တွေ ရောက်လာမယ်။ မိတ်ဆွေဟောင်း၊ ဆရာဟောင်းတွေနဲ့ ပြန်ဆုံရတတ်တယ်။ နှစ်ရှည်ကွဲကွာနေတဲ့ဆွေမျိုးတွေနဲ့လည်း ပြန်ဆုံရတတ်ပါတယ်။

ဆွေမျိုးရင်း၊ မိတ်ဆွေရင်းတို့ရဲ့ အသည်းအသန်သတင်း၊ စိတ်မကောင်းစရာသတင်းတွေ ကြားရတတ်ပါတယ်။ ပစ္စည်းတစ်ခုအတွက် စကားများ ဖြေရှင်းရတတ်တယ်။ အရောင်းမှား၊ အဝယ်မှား ဖြစ်တတ်တယ်။ အောက်လက်ငယ်သား၊ သားသမီးအတွက် ဆုံးဖြတ်ရခက်တဲ့ အကျပ်အတည်းမျိုး ကြုံရတတ်ပါတယ်။ ပြဿနာခပ်ကြီးကြီး နှစ်မျိုးနှစ်ခု ဖြေရှင်းရတတ်ပါတယ်။ မတော်တဆ ထိမိခိုက်မိဖြစ်တတ်ပါတယ်။ မိန်းမတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက်ကြီးစွာ ကြုံရတတ်တယ်။

ဈေးဆိုင်မှာ စကားများ ပြေရှင်းရတတ်တယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ စိတ်ချမ်းသာစရာတွေ ဖြစ်လာမယ်။ လူကြီးမိဘတွေရဲ့ အကူအညီကောင်းရမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းတွေ့ခြင်း၊ ပညာရေးကိစ္စ၊ သင်တန်းကိစ္စ စိတ်ချမ်းသာရခြင်း၊ အလုပ်များ နှစ်ဆတိုးချဲ့ရခြင်း၊ ဝင်ငွေတိုးခြင်း၊ ရပ်ဝေးကငွေများ၊ ပစ္စည်းများရောက်လာခြင်းများ ကြုံရတတ်ပါတယ်။ ကိုယ်ဝန်ဆောင်မိန်းမ ဒုက္ခပေးတတ်ပါတယ်။ ထီထိုးချင်ရင် ၃ အစ၊ ၅ အစ ထိကို ရှာပြီးထိုးပါလေ။







ဗိဇ္ဇာမျက်လုံးတဲ့ရော့ဟောကိန်းများ

## ၂၀၁၃ ဒီဇင်ဘာလအတွင်း

ဒီရက်တွေအတွင်းမှာ ဆွေမျိုးရင်း၊ မိတ်ဆွေရင်းတို့ရဲ့ အသည်းအသန်သတင်း၊ စိတ်မကောင်းစရာသတင်းတွေ ကြားရတတ်ပါတယ်။ ပစ္စည်းတစ်ခုအတွက် စကားများပြေရှင်းရတတ်တယ်။ အရောင်းမှား၊ အဝယ်မှားဖြစ်တတ်တယ်။ အောက်လက်ငယ်သား၊ သားသမီးအတွက် ဆုံးဖြတ်ရခက်တဲ့ အကျပ်အတည်းမျိုး ကြုံရတတ်ပါတယ်။ ပြဿနာခပ်ကြီးကြီး နှစ်မျိုးနှစ်ခု ပြေရှင်းရတတ်ပါတယ်။မတော်တဆထိခိုက်မိဖြစ်တတ်ပါတယ်။ မိန်းမတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက်ကြီးစွာကြုံရတတ်တယ်။ ဈေးဆိုင်မှာ စကားများ ပြေရှင်းရတတ်တယ်။ ခရီးကိစ္စ စိတ်ညစ်ရတတ်ပါတယ်။ ရပ်ဝေးကမိတ်ဆွေ၊ မောင်နှမတို့ရဲ့ သတင်းကောင်းကြားရမယ်။ မထင်မှတ်တဲ့ ဧည့်သည်တွေ ရောက်လာမယ်။ မိတ်ဆွေဟောင်း၊ ဆရာဟောင်းတွေနဲ့ ပြန်ဆုံရတတ်တယ်။ နှစ်ရှည်ကွဲကွာနေတဲ့ ဆွေမျိုးတွေနဲ့လည်း ပြန်ဆုံရတတ်ပါ



ဝငန

တယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ စိတ်ချမ်းသာစရာတွေ ဖြစ်လာမယ်။ လူကြီးမိဘတွေရဲ့ အကူညီကောင်းရမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းတွေ့ခြင်း၊ ပညာရေးကိစ္စ၊ သင်တန်းကိစ္စ စိတ်ချမ်းသာရခြင်း၊ အလုပ်များ နစ်ဆ တိုးချဲ့ရခြင်း၊ ဝင်ငွေတိုးခြင်း၊ ရပ်ဝေးကငွေများ၊ ပစ္စည်းများရောက်လာခြင်းများ ကြုံရတတ်ပါတယ်။ ကိုယ်ဝန်ဆောင်မိန်းမ ဒုက္ခပေးတတ်ပါတယ်။










အမှုအခင်း။ ရုံးပြင်ကန္နားကိစ္စများအတွက် ဤပုံကို
မိတ္တူကူး၍ ဖယောင်းတိုင်မှာပတ်ပြီး မီးထွန်းဆုတောင်းပါ။
တစ်ကြိမ်လျှင် ၁၁ တိုင်၊ ၁၁ ရက်ဆက်တိုက် ပြုလုပ်ပါ။




အနုပညာ၊ စာပေကိစ္စများ ထွန်းပေါက် အောင်မြင်ရန်နှင့်
နာမည်ဂုဏ်သတင်းကိစ္စများအတွက် ဤပုံကိုမိတ္တူကူး၍
ဖယောင်းတိုင်မှာပတ်ပြီး မီးထွန်းပါ။ တစ်နေ့လျှင် ရှစ်တိုင်
ရှစ်ရက် ဆက်တိုက်ထွန်းပါ။










သားသမီးအောက်လက်ငယ်သား၊ တပည့်၊
အလုပ်သမားကိစ္စများအတွက် ဤပုံကိုမိတ္တူကူး၍
ဖယောင်းတိုင်မှာပတ်ပြီး မီးထွန်းပါ။ တစ်နေ့လျှင်တစ်တိုင်
(၁၀)ရက်ဆက်တိုက်ထွန်းပါ။




နိုင်ငံခြားခရီး နိုင်ငံခြားအဆက်အသွယ်ကိစ္စများ
အောင်မြင်စေရန် ဤပုံကိုမိတ္တူကူး၍
ဖယောင်းတိုင်မှာပတ်ပြီး မီးထွန်းပါ။ တစ်ကြိမ်လျှင်
သုံးတိုင် (၂၁)ရက်ဆက်တိုက် ပြုလုပ်ပါ။





## ဆရာငင်ယော်နီ၏ စာအုပ်များ

**ရွှေနန်းတော်သို့ သွားရအောင်**
၂၀၀၃ ခုနှစ်၊ ဇူလိုင်လ၊ ၂၀၀၆ ခုနှစ်၊ မေလ

**လွယ်လိုက်တဲ့ဖြစ်ခြင်း မရမ်းတလင်းယတြာများ**
၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ

**ဝေဇယန္တာတုံနန်း**
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ

**ရသေ့ကြီးဦးရွှေတောင်၏ ဘဝဇာတ်ကြောင်းများ**
၂၀၀၄ ခုနှစ်၊ မတ်လ၊ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ

**ရသေ့ကြီးဦးရွှေတောင်နှင့် လောကပင်လယ်**
၂၀၀၄ ခုနှစ်၊ ဇွန်လ

**ယတြာလမ်း**
၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ

**လွယ်လိုက်တဲ့ဖြစ်ခြင်း မရပ်းတလင်းယတြာများ**

**အမှတ်(၂)**၊၂၀၀၅ခုနှစ်၊ဇွန်လ

**ယခင်ဘဝမှအဆက်**

၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ

**ရွှေလမ်းငွေလမ်းညွှန်လိုက်မယ်**

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ

**ဒေါ်ဝါယောနှင့် လောကဓာတ်ခုံယတြာစုံ**

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ

**လွယ်လိုက်တဲ့ဖြစ်ခြင်း မရပ်းတလင်းယတြာများ**

**အမှတ်(၃)**၊၂၀၀၇ခုနှစ်၊ဧပြီလ

**ယနေ့ယခု ဝေဠုဖုဒီ**

၂၀၀၇ ခုနှစ်၊ ဩဂုတ်

**လက်ယာတောင်ကျွန်းမှာ ထွန်းတဲ့နိမိတ်များ**

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ





**ရွှေတဲရော့**

၂၀၀၈ ခုနှစ်၊ ဩဂုတ်

**ဒေါ်ဝါယောနှင့် လောကဓာတ်ခုံယတြာစုံ**

**အမှတ်(၂)**၊၂၀၀၉ခုနှစ်၊ဩဂုတ်လ

**အထပြောပြခဲ့တဲ့ လှဗေ မြမေ**

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ

**ဆရာကြီးမင်းသိမ်နှင့် ဒေါက်တာဒဂုန်**

**ဆရာဒဂုန်နှင့် ဒေါက်တာမင်းသိမ်**

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ

**ရိုစီမနှင့် လိုတရ ယတြာများ**

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ

**ရသေ့ကြီးဦးရွှေတောင်နှင့် ရတနာရွှေအိုး**

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ

**ရိုစီမနှင့် လိုတရ ယတြာများအမှတ်(၂)**

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ



မြေပြင်ပေါ်မှ ကျွန်ုပ်နှင့် စပ်သမျှသောသူအားလုံးအား
ကောင်းကင်ဘုံ၏အကူအညီဖြင့် ကူညီနိုင်ပါစေသတည်း
ZEN YAW NI
WIZARD EYE
TAROT
2013




Design by lynn Mann Aung
ဝိဇ္ဇာမျက်လုံး
တဲရော့ဟောကိန်းများ
၁၃
စနေသားသမီးများ